# စကားဦး

လူတိုင်းမှာ အမေရှိသလို သိချင်စိတ် တခုလဲ ရှိကြမြဲဘဲ။ လူရယ်လို့ ဖြစ်လာတဲ့အခါမှာ သိချင်စရာ တွေကတော့ အစုံအလင်ပေါ့၊ ဘောလုံးပွဲ အနိုင်အရှုံးအကြောင်း၊ သေရေးရှင်ရေးအကြောင်း၊ နေ့စဉ်ကုန်ဈေးနှုန်း အတက်အကျ အကြောင်း၊ မိုးလေဝသ ခန့်မှန်းချက် အကြောင်း၊ စာပေ အနုပညာ အကြောင်း၊ ကိုယ်က အထင်ကြီးသူရဲ့ စိတ်နေ သဘောထား အကြောင်း၊ လူအချို့ ဘယ်လိုနည်းနဲ့များ ဒီလောက်တောင် ချမ်းသာ နေနိုင်ရတဲ့အကြောင်း၊ နိုင်ငံတကာရေးရာအကြောင်း၊ ကျန်းမာရေး အကြောင်း၊ ကျောင်းပညာရေး အကြောင်း၊ ကြီးပွားရေးနည်းလမ်း အကြောင်း၊ စသည်ဖြင့် သိချင်စရာတွေက များလွန်းပါတယ်။ အဲ့ဒီလို သိချင်စရာတွေ အများကြီးထဲက အချို့ကိစ္စတွေဟာ အရေးပါသလို အချို့ဟာလဲ သိပ်အရေးမပါဘူးဆိုတာ ထင်ရှားပါတယ်။ ဥပမာ ကိုယ်မကြားဘူးတဲ့မြို့က ကိုယ်မသိသူရဲ့ ခေါင်းမှာ သန်း ဘယ်နှစ်ကောင်ရှိတယ် ဆိုတာသိရလို့ ဘာဖြစ်မှာလဲ။ ဒါကြောင့် သိလို့ရနိုင်တဲ့ အရာတိုင်းဟာ သိချင်စရာ မကောင်းသလို သိချင်စရာကောင်းတဲ့ အရာအားလုံးကိုလဲ လူသား တစ်ယောက်အနေနဲ့ သိနိုင်မှာ မဟုတ်ဘူး၊ ဘဝဟာ တိုတောင်းလွန်း ပါတယ်။

ဒါဆိုရင် ဘယ်လိုကိစ္စမျိုးဟာ အရေးပါပြီး လူတစ်ယောက်အနေနဲ့ သိသင့်ပါသလဲ။ ခေတ်အဆက်ဆက်တိုင်းမှာ လူတွေဟာ ဒီမေးခွန်းရဲ့အဖြေကို ကိုယ့်နည်း ကိုယ့်ဟန်နဲ့ ရှာခဲ့ကြဘူးပါတယ်။ သူတို့ရဲ့ သင်ခန်းစာ အရဆိုရင် ရှိရှိသမျှ သိချင်စရာ အားလုံးအထဲမှာ ‘လူကောင်းတစ်ယောက်ဖြစ်ဘို့ ဘယ်လို နေထိုင်သင့်သလဲ’ ဆိုတဲ့ကိစ္စသာလျှင် အရေးအကြီးဆုံး ဖြစ်ပါတယ်။ ‘လူကောင်းတစ်ယောက်ဖြစ်ဘို့ ဘယ်လို နေထိုင်သင့်သလဲ’ ဆိုတာက ရှင်းလင်းတဲ့ မေးခွန်းတခု ဆိုပေမဲ့ သေသေချာချာ ဖြေဘို့ လွယ်တဲ့ မေးခွန်းတော့ မဟုတ်ပါဘူး။

ဒီမေးခွန်းကို ချဉ်းကပ်တဲ့အခါမှာ အသုံးချလို့ရတဲ့ နည်းတွေ အမျိုးမျိုး ရှိပါတယ်။ တနည်းကတော့ ကိုယ့်ရဲ့ ယုံကြည်မှုကိုသာ အခြေခံတဲ့နည်းပါ။ ‘ငါဟာ စိတ်ကောင်းရှိသူ၊ စဉ်းစားဉာဏ်ရှိသူ၊ ပညာတတ်သူ၊ လူကြီးမိဘကောင်းရဲ့ ဆုံးမစကား နားလည်သူ ဖြစ်တယ်၊ ကောင်းတဲ့စိတ်ထား ရှိတဲ့အတွက် ငါဟာ မကောင်းတာ လုပ်သူ မဖြစ်နိုင်ဘူး’ လို့ ယူဆတဲ့နည်းပေါ့။ ဒီနည်းရဲ့ သဘာဝက တဖက်သတ် ချစ်ရသူရဲ့ စိတ်ကူးလိုပါဘဲ၊ သူပိုးတဲ့သူက

မျက်စေ့မှိတ်တာမြင်ရင် မျက်လုံးထဲ ဖုံဝင်တယ်လို့ မသိချင်ဘူး၊ သူ့ကို မျက်နှာသာ ပေးနေပြီလို့သာ တထစ်ချ နားလည်သူပေ့ါ။ သူ့အတွက်က သူယုံကြည်ချင်တာဆို မှန်တယ်၊ မယုံကြည်ချင်တာဆို မှားတာကိုး။ တကယ့်ပြဿနာကတော့ သူရဲ့ တဖက်ကန်း ယုံကြည်ချက် တွေကို အခြားသူတွေက မေးမြန်းတာ၊ စမ်းစစ်တာ၊ ဝေဖန်တာ၊ သရော်တာ စတာတို့ကို လုံးဝ မကြိုဆိုတဲ့ နည်းပါ။

နောက်တနည်းကတော့ လူအများ အပြန်အလှန် အခြေအတင် ဆွေးနွေးပြီး အဖြေရှာတဲ့ နည်းဖြစ်ပါတယ်။ သိပ္ပံပညာရှင်တွေ၊ ဥပဒေပညာရှင်တွေ၊ ခေတ်မှီ ကျောင်းဆရာတွေ၊ အသိပညာကို ရှာဖွေဝေမျှတဲ့အခါမှာ သုံးတဲ့ နည်းလို့လဲ ဆိုနိုင်ပါတယ်။ အမှန်အမှားကို ဆုံးဖြတ်ရာမှာ ဒီနည်းဟာ လူအများရဲ့ စဉ်းစား ဆင်ခြင်နိုင်စွမ်း နဲ့ လက်တွေ့ အတွေ့အကြုံကိုသာ အားကိုးပါတယ်။ ဒါကြောင့် ကိုယ့်ယုံကြည်ချက်ကို အခြားသူတွေက အပြန်အလှန် စမ်းစစ်တာ၊ ဝေဖန်တာ၊ အထောက်အထားပြဘို့ စိန်ခေါ်တာ၊ သရော်တာ တို့ကို လိုက်လိုက် လှဲလှဲ ဖိတ်ခေါ်တဲ့ နည်းပါ။ အထက်မှာမေးခဲ့တဲ့ ‘လူကောင်း တစ်ယောက်ဖြစ်ဘို့ ဘယ်လို နေထိုင်သင့်သလဲ’ ဆိုတဲ့မေးခွန်းကို လူအချို့ အပြန်အလှန် အခြေတင် ဆွေးနွေးကြပုံကို ဒီဆောင်းပါးတွေမှာ ဖော်ပြထားပါတယ်။ လူကောင်းလူမွန် ဖြစ်ရေးအကြောင်း ဆွေးနွေးမယ် ဆိုပေမဲ့ တဖက်သတ် ဆုံးမစကားတွေတော့ ပြောမှာ မဟုတ်ပါ။

ဒီဆောင်းပါးတွေရဲ့ အကြောင်းအရာနဲ့ တင်ပြပုံက ဂရိဒဿနဆရာကြီး ပလေးတိုး အစောပိုင်းကရေးတဲ့ ‘ကထာ’ လို့ခေါ်တဲ့ စကားပြောဆွေးနွေးခန်း တွေကို အပေါ်ယံအားဖြင့် အခြေခံထားပါတယ်။ ပလေးတိုးရဲ့ ရေးသားချက်တွေကို အစအဆုံး တိုက်ရိုက် ဘာသာပြန်တာ မဟုတ်ဘဲ အရေးကြီးတယ်လို့ ယူဆမိတဲ့ အတွေးအခေါ်တွေကို ကောက်နုတ်ပြီး ဝေဖန် ဆွေးနွေးထားတာပါ။ ဒဿနပညာကို လူအများ တွေ့ဆုံဆွေးနွေးတဲ့နည်းနဲ့ လေ့လာအသုံးချနိုင်ဘို့ကို ရည်ရွယ်ပါတယ်။

## ဆောင်းပါးအမှတ် ၁

# 'ကောင်းကင်ယံမှ မြေပြင်ပေါ်သို့'

ဒီစကားဝိုင်းထဲ အဓိက မေးသူတွေထဲမှာ လူကြီး၊ လူငယ်၊ ယောကျ်ား၊ မိန်းမ အားလုံး ပါဝင်တယ်။ မေးခွန်းအများစုကို စာရေးသူက ပြန်ဖြေဟန်နဲ့ ရေးပါမယ်။ ဒီဆောင်းပါးက ဆွေးနွေးချက်တွေကို နိဒါန်းပြုတာပါ။

*မေး။ ဒီမှာ ဘာအကြောင်း ဆွေးနွေးကြမှာလဲ။*

ဖြေ။ 'ဘယ်လိုလူကို လူကောင်းလူမွန် လို့ ခေါ်တာလဲ' ဆိုတဲ့ မေးခွန်းမျိုးကို အဓိက ဆွေးနွေးကြမှာပါ။ လူကောင်းဖြစ်ဘို့ ဘယ်လို အသိတွေ ရှိဘို့ လိုသလဲ၊ လိုအပ်တဲ့ အသိမျိုးကို ဘယ်လိုနည်းနဲ့ ရနိုင်မလဲ၊ စတာတွေကို မေးသူနဲ့ဖြေသူ အတူတူ လေ့လာကြမှာပါ။

*မေး။ လူကောင်းဆိုတာမျိုးကို သိဘို့ဘာခက်လို့လဲဗျ၊ ကောင်းတာလုပ်သူကို လူကောင်းလို့ ခေါ်တာဘဲ မဟုတ်လား။ သူများကို မတရားတာ မလုပ်သူ၊ သူများပိုင်ပစ္စည်းကို မပေးဘဲ မယူသူ၊ အဲသလို မကောင်းတာတွေ မလုပ်သူကို လူကောင်းလို့ ခေါ်ကြတာဘဲလေ။ ဒါကို အထူးအစမ်းလုပ်ပြီး ဘာကြောင့် လေ့လာရမှာလဲ။ ဒီခေတ်မှာ လူကောင်းတွေ ရှားနေပြီလို့ ထင်လို့လား။*

ဖြေ။ ပြဿနာက ခင်ဗျားပြောသလို လွယ်ရင် အဆင်ပြေတာပေါ့ဗျာ၊ ဒါပေမဲ့ လက်တွေ့မှာ ထင်သလို လွယ်ကူရှင်းလင်းမှု မရှိဘူး။ ဥပမာ တခုအနေနဲ့ ခင်ဗျား အခုပြောတဲ့ 'သူများပိုင်ပစ္စည်းကို မပေးဘဲ မယူသူ ဟာ လူကောင်းတစ်ယောက်' ဆိုတဲ့ စကားကို လေ့လာကြည့်ရအောင်။ ဒီလိုစကားမျိုးကို အဆိုပြုချက်လို့ ခေါ်မယ်။ ပြီးတော့ ဒီလို အဆိုပြုချက်တွေကို ဝေဖန်ပိုင်းခြား ကြည့်ကြမယ်လေ။

ရွာတရွာမှာ မိတ်ဆွေ သုံးယောက် ရှိတယ် ဆိုပါစို့။ လွယ်အောင် သူတို့ကို ကိုပိုင်၊ ဒေါ်လှိုင် နဲ့ မမြိုင် လို့ နာမယ်ပေးရအောင်။ ကိုပိုင့်မှာ အင်မတန်ထက်တဲ့ ဓါးရှည် တချောင်းရှိတယ်၊ သူက အဲဒီဓါးကို အင်မတန် တန်ဖိုးထားတာ။ တနေ့မှာ ခရီးဝေး

တနေရာ သွားစရာရှိလို့ သူ့ဓါးရှည်ကို ဒေါ်လှိုင့်ဆီမှာ သိမ်းဘို့ ပေးထားခဲ့တယ်။ ကိုပိုင်ပြန်လာတဲ့ တနေ့မှာ ဒေါ်လှိုင်က သူ့ဓါးကို ပြန်ပေးသင့်တာပေါ့၊ မဟုတ်လား။

ကောင်းပြီ။ ဒါနဲ့ ၃–လလောက်အကြာမှာ ကိုပိုင်တစ်ယောက် စိတ်ဖောက်ပြန်သွားပြီ ဆိုတဲ့ သတင်းတွေ ထွက်လာတာကို ဒေါ်လှိုင်ကြားမိတယ်။ မကြာခင်တရက်မှာ ဒေါ်လှိုင်ဆီ ကိုပိုင်က ဝုန်းဝုန်းဒိုင်းဒိုင်းနဲ့ ရောက်ချလာတယ်၊ ပြီးတော့ 'မမြိုင်က ကျနော့်ကွယ်ရာမှာ ကျနော် ရှူးနေပြီလို့ ပြောတာကို အတော်ဘဲ မခံနိုင်ဘူးဗျာ၊ အခုဘဲ သူ့ဆီသွားပြီး စာရင်းအပြတ် ရှင်းပြစ်မှဖြစ်မယ်၊ ကျနော့်ဓါးကို ပြန်ပေးပါ' လို့ပြောရင် ဒေါ်လှိုင်က ကိုပိုင့်ဓါးကို ချက်ချင်းပြန်ပေးသင့်သလား။

*မေး။ ဒီလိုပေးလိုက်လို့ ကိုပိုင်က မမြိုင်ကို ကိုယ်ထိ လက်ရောက်လုပ်မိရင် ဒေါ်လှိုင်မှာ တာဝန်ကင်းမှာ မဟုတ်ဘူးထင်တယ်။ သူက စိတ်ဖေါက်ပြန်သွားပြီဆိုတာ ဖြစ်နိုင်တယ်လေ။ စိတ်ဖေါက်ပြန်သူကို ဓါးသွားပေးရင် ပေးသူမှာ ဝတ္တရား မကင်းရာရောက်မယ်။ ကိုပိုင်ထင်သလို မမြိုင်က သတင်းပျက် ဖြန့်တာလဲ ဟုတ်ချင်မှဟုတ်မှာ။ ဒါကြောင့် အဲဒီဓါးကို ဒေါ်လှိုင်က ချက်ချင်းပြန်မပေးသင့်ဘူးလို့ ထင်တယ်။*

ဖြေ။ ဒါဆို 'သူများပိုင်ပစ္စည်းကို မပေးဘဲ မယူသူဟာ လူကောင်းတစ်ယောက်' ဆိုတဲ့ အဆိုပြုချက်ဟာ မပြည့်စုံဘူး။ ဘာကြောင့်လဲဆိုတော့ အချို့အခြေနေတွေမှာ လူကောင်း တစ်ယောက်ဟာ သူများပိုင်ပစ္စည်းကို ပိုင်ရှင်သဘော မတူရင်တောင် ယူထားသင့်တယ်လို့ ဆိုရမယ်ပေါ့။ ဒါဆို အခုပြောတဲ့ အဆိုပြုချက်ကို မှန်တယ်လို့ လက်ခံလို့မရဘူး။

*မေး။ အတွန့်တက်တယ်လို့ မထင်နဲ့နော်၊ အခုပြောတဲ့အဆိုပြုချက်ကို နည်းနည်း ပြန်ပြင်ရင်ရော မရဘူးလား၊ ဆိုပါစို့ 'စိတ်မဖေါက်ပြန်သူများရဲ့ ပစ္စည်းကို မပေးဘဲ မယူသူဟာ လူကောင်းတစ်ယောက်' လို့ ပြန်ပြီးအဆိုပြုရင်ရော။*

ဖြေ။ ရပါတယ်၊ များများသာ အတွန့် တက်ပါ၊ ဒါမှ စိတ်ဝင်စားဘို့ ကောင်းမယ်။ ဒီလိုပြောပေမဲ့လဲ မပြေလည်သေးဘူး ထင်တယ်။ ဘယ်သူက စိတ်မှန်တယ်၊ မမှန်ဘူး ဆိုတာကို ဘယ်လိုလုပ်ပြီး သိနိုင်သလဲလို့ ထပ်မေးရမယ်။ လူယောက် စိတ်မှန်တယ်၊ မမှန်ဘူး ဆိုတာကို သိဘို့က ထင်သလောက်တော့ မလွယ်ဘူး။ သာမန်လူတွေမပြောနဲ့ စိတ်ဝေဒနာရှင်တွေကို ကုသပေးတဲ့ ဆရာဝန်တွေတောင် လွယ်လွယ်ကူကူ မခွဲခြားတတ်ဘူး။ ဒီအချက်ကို ထောက်ပြဘို့ အမေရိကန် စိတ်ပညာရှင်တစ်ယောက်က စမ်းသပ်ချက်တခု လုပ်ဘူးတယ်။

*မေး။ ဘယ်လို စမ်းသပ်ချက်မျိုးပါလဲ။*

ဖြေ။ စိတ်ရောဂါမရှိသူ သာမန် လူ ၈ ယောက်ကို အခုပြောတဲ့ အမေရိကန် စိတ်ပညာရှင်က ရွေးတယ်၊ အရွေးခံရသူတွေထဲမှာ ကျောင်းသား၊ ဆရာဝန်၊

ပန်းချီဆရာ၊ အိမ်ရှင်မ စတဲ့ အလွှာအသီးသီးက လူတွေပါဝင်တယ်။ ပြီးတော့ သူတို့ကို စိတ်ရောဂါအထူးကု ဆေးရုံ တချို့ကိုသွားခိုင်းပြီး နားထဲမှာ အသံတွေ ကြားရကြောင်း ပြောစေတယ်၊ ဒီလိုပြောရမှာကလွဲလို့ ကျန်ကိစ္စတွေမှာ ပုံမှန်သာ နေထိုင်ကြဘို့ကိုလဲ မှာလိုက်သေးတယ်။ ဆေးရုံအတင်ခံခဲ့ရရင် သူတို့ဟာ စိတ်ဖောက်ပြန်သူ မဟုတ်ပါ၊ လူကောင်းပါလို့ ဆရာဝန်တွေကို ရှင်းပြပြီး ဆေးရုံက အမြန်ဆုံး ဆင်းခွင့်ရဘို့ကိုလဲ ကြိုးစားခိုင်းလိုက်ပါတယ်။ ရည်ရွယ်ချက်ကတော့ လူတစ်ယောက် စိတ်မှန် မမှန်ကို ဆရာဝန်တွေ ဘယ်လောက် မြန်မြန်သိသလဲ ဆိုတာကို ဖေါ်ထုတ်ချင်လို့ပါ။

အဲသလိုလဲလုပ်ရော ဒီလူ ၈ ယောက်စလုံးဟာ ဆေးရုံအသီးသီးမှာ လူနာအဖြစ် ဆေးရုံတင် ခံရတယ်။ ဆရာဝန်နဲ့တွေ့တိုင်း သူတို့ဟာ စိတ်မမှန်သူတွေ မဟုတ်ပါလို့ ဆိုတော့လဲ ဆရာဝန်တွေက သူတို့ကို မယုံဘူး။ ဒါနဲ့သူတို့က နည်းတမျိုးကြံတယ်။ ဆရာဝန်တွေထင်သလို သူတို့စိတ်မမှန်ဘူးဆိုတာကို မငြင်းတော့ဘဲ ဆရာဝန်ပေးတဲ့ ဆေးကြောင့် အခုခါ သက်သာနေပြီလို့ ဆိုကြတယ်၊ ဒါကို ဆရာဝန်တွေက ပို သဘောကျတာမို့ မကြာခင်မှာ ဆင်းခွင့်အသီးသီး ပေးလိုက်တယ်။ ဆေးရုံမှာ အနည်းဆုံး ၇ ရက်ကနေ အများဆုံး ၅၂ ရက် ကြာ သူတို့ နေခဲ့ကြရတယ်။ ဆရာဝန်တွေဟာ စိတ်မှန်သူကို စိတ်မှန်သူမှန်းသိဘို့ ပျမ်းမျှ ရက်၂၀ လောက်ကြာ အချိန်ယူ ရတယ်ပေ့ါဗျာ။

*မေး။ ဒါက စိတ်ရောဂါမရှိသူတွေကို စိတ်ရောဂါရှိသူတွေလို့ အထင်မှားတာပေ့ါ။ စိတ်ရောဂါ ရှိသူတွေကို စိတ်ရောဂါမရှိသူတွေလို့ ထင်တာမဟုတ်ဘူးနော်။*

ဖြေ။ အပြောမစောပါနဲ့အုံး။ ဒီစမ်းသပ်ချက်သတင်းကိုလဲကြားရော အခြားနာမည်ကြီး စိတ်ရောဂါအထူးကု ဆေးရုံက ဆရာဝန်တွေက သူတို့ ဆေးရုံမှာဆိုရင်တော့ ဒီလို အမှားတွေ မဖြစ်နိုင်ဘူးလို့ ဆိုလေတယ်။ ဒါနဲ့ ဒီ စိတ်ပညာရှင်ကတခါ သူတို့ဆေးရုံကိုလဲ ဒီလူတွေကို လွှတ်လိုက်မယ်၊ သူတို့ ရှာနိုင်ရင်ရှာကြလို့ ပြောပြီး ၃ လလောက် စောင့်လိုက်တယ်။ မကြာခင်ဘဲ အဲဒီဆေးရုံက ဆရာဝန်တွေက သူတို့ ဆေးရုံမှာ ‘လူနာ အတု’ ၄၁ ယောက်တွေ့ကြောင်း၊ နောက်ထပ် ၄၂ ယောက်ကိုလဲ သံသယ ရှိကြောင်း ဆိုလာတယ်။ တကယ်တော့ ဒီစိတ်ပညာရှင်က အဲဒီဆေးရုံ ကို သူ့လူတွေ တစ်ယောက်မှ မသွားခိုင်းထားပါဘူး။

*မေး။ ကောင်းလိုက်လေ၊ ဒီဆေးရုံကဆရာဝန်တွေ ထောင်ချောက်မိသွားတာပေ့ါ။*

ဖြေ။ ဟုတ်တယ်။ အရေးကြီးတာက ဒီစမ်းသပ်ချက်အရဆိုရင် လူတယောက် စိတ်မှန်တယ်၊ မမှန်ဘူး ဆိုတာကို စိတ်ရောဂါအထူးကု ဆရာဝန်တွေတောင် တိတိကျကျနဲ့ မြန်ဆန်စွာ မခွဲခြားတတ်ဘူး။ မောင်ပိုင် စိတ်မှန်၊ မမှန်ကို ဒေါ်လှိုင်ကရော ဘယ်လိုလုပ် သိနိုင်မှာလဲ။

*မေး။ နောက်ပြဿနာတခုလဲရှိသေးတယ်။ ဒေါ်လှိုင်က မောင်ပိုင်ရဲ့ စာကို ယူလိုစိတ်နဲ့ မောင်ပိုင်ဟာ စိတ်ဖောက်ပြန်သွားပြီလို့ သူ့ကိုယ်သူ သိမှန်းမသိ လှည့်စားမိရင်ရော။ မောင်ပိုင့်ခမျာမှာ စိတ်ဖောက်ပြန်သွားပြီလို့လဲ အထင်ခံရမယ်၊ သူပေးတဲ့ခါးလဲ ဆုံးမဲ့ကိန်းဘဲရှင့်။*

ဖြေ။ ဟုတ်တယ်။ ဒါဆို ပြဿနာတွေ ရှိလာပြီ။ သူပိုင်တဲ့ပစ္စည်း ပြန်လာတောင်းသူကို စိတ်မှန်ကြောင်း ဆရာဝန်ထောက်ခံစာ တောင်းခိုင်းလို့လဲ သင့်မယ် မထင်ဘူး။ ကျနော်တို့ ဆွေးနွေးကြမဲ့ ပြဿနာ အကျဉ်းချုပ်သဘောက ဒါဘဲ။ သူများပိုင်ပစ္စည်း ပြန်ပေးသူကို လူကောင်းလို့ ခေါ်ချင်ရင် ဒီအယူအဆကို အပြန်အလှန် စမ်းစစ်ကြည့်မှ ဖြစ်မယ်။ ဆုံးမစကားဆိုတာ နာထောင်လို့ကောင်းပေမဲ့ အဓိပ္ပာယ် တကယ်မရှိတဲ့ စကားတွေဖြစ်နိုင်တယ်၊ ဒါကိုမသိဘဲ မျက်စိမှိတ် လိုက်နာနေရင်တော့ မရားမှုမှာ လက်ဝင်လျှိုသူ တစ်ယောက် အဖြစ် ကိုယ်ပါ ပါသွားနိုင်တယ်။

*မေး။ လူကောင်းဆိုတာ သူများပိုင်ပစ္စည်းကို မပေးဘဲ မယူဘူးလို့ လွယ်လွယ် မှတ်ထားရာက အခုပြောပုံအရဆို အတော် ခေါင်းစားမဲ့ပုံဘဲ။*

ဖြေ။ ဘယ်ဟာက ကောင်းတယ်၊ ဘယ်ဟာက ဆိုးတယ် ဆိုတာကို ကျနော်တို့က သေသေချာချာ မစဉ်းစားကြည့်ဘဲ ခပ်ပေါ့ပေါ့ နေ တတ်ကြတာ၊ လူတိုင်း သိပါတယ် ဆိုပြီး ဂရုမစိုက်ကြတာ၊ ပြီးတော့ အရေးမပါတဲ့ ကိစ္စတွေနဲ့သာ အချိန်တွေ ကုန်နေကြတာ။ ဒါကြောင့် အရေးကြီးကိစ္စတွကို ပြန်လည် အချိန်ပေးစဉ်းစားဘို့ တိုက်တွန်းချင်တာပါ။ မစမ်းစစ်ဘဲ နေထိုင်တဲ့ဘဝဟာ နေဘို့ မတန်ဘူးလို့ အတွေးအခေါ် ဆရာယောက်က ပြောဘူးပါတယ်။

အဲဒီအတွေးအခေါ်ဆရာက ဆော့ခရေ့တီး(စ်) ပါ။ ကျနော်တို့က သူ့ရဲ့ အတွေးအခေါ်ကို အဓိကထားပြီး ဆွေးနွေးကြမှာ ဖြစ်ပါတယ်။ သူက လွန်ခဲ့တဲ့ နှစ်ပေါင်း ၂၅၀၀ လောက်က ရှေးခေတ် ဂရိတိုင်းပြည်ရဲ့ အေသင်မြို့မှာ နေထိုင်ခဲ့သူ တစ်ယောက်ပါ။ ဒီစကားဝိုင်းမှာ သူ့အကြောင်း၊ သူ့အတွေးအခေါ်အကြောင်း နဲ့ သူရဲ့ တွေးခေါ်နည်းအကြောင်းကို အနည်းအကျဉ်း ဝေဖန်ဆွေးနွေးကြမှာပါ။

*မေး။ သြော်၊ ဟုတ်ပြီ၊ အခုမှ မှတ်မိပြီ။ ဒီလူ့ကိုဂုဏ်ပြုတဲ့အနေနဲ့ ကျနော်တို့ ရပ်ကွက်ထဲမှာ 'ဆိုကရေးတီးပြိုင်ပွဲ' ဆိုတာကို မကြာမကြာ ကျင်းပလေ့ ရှိတယ်။ သူက သီချင်းတွေ ဘာတွေ အဆိုကောင်းတယ် ထင်တယ်။*

ဖြေ။ 'ဆော့ခရေ့တီး(စ်) ရဲ့ အကျော်ကြားဆုံးတေးများ' ဆိုပြီး သီချင်းခွေတွေ ဘာတွေ သူက မထုတ်ခဲ့ဘူးဗျ။ ဒါကြောင့် သူ သီချင်းအဆို ကောင်း မကောင်းတော့ ကျနော်လဲ မသိဘူး။ ဘာဘဲဖြစ်ဖြစ် ဆော့ခရေ့တီး(စ်) နဲ့ ဆိုကရေးတီး က စကားလုံး အသံထွက် တိုက်ဆိုင်ပြီး ဆင်တာကလွဲရင် အခြားဘယ်လိုမှ မပတ်သက်ကြပါဘူး။ ဆော့ခရေ့တီး

(စ်) က ဂရိ လူနာမည်ပါ၊ ဆိုကရေးတီး က အဆို၊ အက၊ အရေး၊ အတီး စတဲ့ သုခုမအနုပညာ အမျိုးမျိုးကို အတိုကောက် ခေါ်တာပါ။

*မေး။ ဒီလောက်တော့ သိပါတယ်၊ ပညာ စမ်းတဲ့သဘောနဲ့ မေးကြည့်တာပါ၊ စိတ်မရှိနဲ့နော်။ ဒါနဲ့ သူက ဂရိလူတော် ဆိုတော့ သင်္ချာတို့ သိပ္ပံတို့ ကျွမ်းတယ်ထင်တယ်။*

ဖြေ။ သိပ္ပံ၊ သင်္ချာ စတဲ့ ဘာသာရပ်တွေကို ဆော့ခရေ့တီး(စ်)က ငယ်ရွယ်ချိန်မှာ နည်းနည်းပါးပါး လေ့လာထားဘူးပုံ ပေါ်ပါတယ်။ အရွယ်ရောက်လာတဲ့အခါမှာ ရုပ်လောက အကြောင်း၊ ကိန်းဂဏန်းတွေအကြောင်း၊ နက္ခတ်တာရာတို့အကြောင်း တို့ထက်စာရင် လူတွေရဲ့အကြောင်း ကို သူက ပိုပြီး စိတ်ဝင်စားလာပါတယ်။ အထူးသဖြင့် လူကောင်းတွေ အကြောင်းကို သူက သိချင်တယ်။ လူကောင်းလူမွန် ဆိုတာ ဘယ်လိုလူကို ခေါ်တာလဲ ဆိုတဲ့ မေးခွန်းမျိုးကို အတော် စိတ်ဝင်စားခဲ့ပါတယ်။

*မေး။ ဒါတွေက အပိုတွေပါဗျာ၊ ဖြစ်ချင်ရာဖြစ် ဆိုပြီး နေချင်သလို နေထိုင်လို့လဲ ဖြစ်ပါတယ်။ လူကောင်းလား လူဆိုးလား ဆိုတာက သူများတွေ ဆုံးဖြတ်ရမှာ။*

ဖြေ။ ကိုယ်က ဘာကို လုပ်ချင်တယ်ဆိုတာကို သိနိုင်ဘို့ အရင် စဉ်းစား ဆုံးဖြတ်ရမယ် ထင်တယ်။ ခင်ဗျားပြောသလို လုပ်ချင်ရာ လုပ်မယ့်သူက ငါ တနေကုန် အရက်သောက် နေမယ် ဆိုရင် ဂျော်နီဝေါကား သောက်မှာလား၊ ဘီအီး သောက်မှာလား၊ 'မိုးကြိုးပစ်ပါစေရဲ့ ဆန်ဆေးရည်နည်းနည်းဘဲ ပါ ပါတယ်ဗျာ' ဆိုတဲ့ ထမ်းရည် သောက်မှာလား၊ ဆုံးဖြတ်ရမယ်။ သူက ဖြစ်နိုင်ရင် ကောင်းတဲ့ ယမကာရည် ကိုဘဲ သောက်မှာပေ့ါ၊ မဟုတ်လား။ ဒါဆိုလဲ ကောင်းခြင်းက ဘာလဲသိဘို့လိုတယ်။ အဝင်ကောင်းမှ ကောင်းတာလား၊ အထွက်ကောင်းတာမှ ကောင်းတာလား၊ စဉ်းစားရမယ်။ လူကောင်းဖြစ်ဘို့ သတ်သတ်လွတ်ဘဲ စားမယ်ဆိုလဲဘဲ နို့ထွက် အစားအစာ စားမှာလား မစားဘူးလား၊ ကြက်ဉစားမှာလား မစားဘူးလား စဉ်းစားရအုံးမယ်။ ကောင်းခြင်း၊ ဆိုးခြင်းအကြောင်း မစဉ်းစားလို့ ပြေးမလွတ်ဘူး။

*မေး။ ကောင်းပြီ၊ မပြေးပါဘူး။ ဒါနဲ့ ကောင်းခြင်းဆိုတာကို သူက ဘာကြောင့် သိချင်ရတာလဲ။*

ဖြေ။ ဆော့ခရေ့တီး(စ်) က 'ကောင်းခြင်းဆိုတာ အသိပညာ' လို့ ယုံကြည်လို့ပါ။

*မေး။ အဲဒီစကားကို မြန်မာလို ဘာသာပြန်ပေးနိုင်မလားရှင့်။*

ဖြေ။ ကျနော်လဲ ဂရိလိုမတတ်တဲ့အတွက် သိပ်ခက်မယ်မထင်ပါဘူး။ ဆော့ခရေ့တီး(စ်) ပြောချင်တာက လူတစ်ယောက်ဟာ ကောင်းမှုတခု လုပ်ချင်ရင် ကောင်းခြင်းဆိုတာ –

ဘာလဲဆိုတာကို သိဘို့လိုတယ်၊ ဒီလုပ်ရပ်နဲ့ ပတ်သက်ပြီး ကျွမ်းကျင်မှုရှိဖို့ လိုတယ်။ အဲသလိုအသိမျိုးရှိရင် လူဟာ ကောင်းတာကိုဘဲ လုပ်တယ်လို့ ဆိုတယ်။ ဥပမာ ကိုသွားချင်တဲ့ နေရာတခုရှိရင် အဲဒီနေရာက ဘယ်လိုမျိုးလဲ ဆိုတာကို သိဘို့ လိုတယ်လေ။ မသိရင် ဘယ်ကိုသွားမှာလဲ၊ ထင်ရာသွားပြီး ကံကောင်းလို့ ရောက်ရင်တောင် ကိုယ်ရောက်တဲ့နေရာက ကိုယ်သွားချင်တဲ့နေရာ ဟုတ် မဟုတ် ဆုံးဖြတ်နိုင်ဘို့ လိုတယ်လေ။ ဒါကြောင့် လူကောင်းဖြစ်ချင်သူက ကောင်းခြင်းဟာ ဘာလဲ သိဘို့ လိုတယ်။ ခါးဥပမာနဲ့ ပြောခဲ့သလိုဘဲပေါ့၊ သူများအပ်ထားတဲ့ ပစ္စည်းကို ပြန်ပေးသင့်လား မပေးသင့်လား ဆိုတာကို ဆုံးဖြတ်နိုင်ဖို့က ဘယ်လို လုပ်ရင် ကောင်းမယ်ဆိုတာ သိဘို့လိုတယ်လေ။

နောက်ထပ် ဥပမာလေး တခုလောက် စဉ်းစားကြည့်ရအောင်။ ငွေကြေး ဆင်းရဲသူကို သဌေး ဖြစ်စေချင်ရင် ပိုက်ဆံတွေ အများကြီးပေးလိုက်လို့ ရတယ်၊ ငွေကြေးကြွယ်ဝ သူတယောက် သူ ချက်ချင်း ဖြစ်သွားမယ်။ လူတယောက်ကို လူကောင်းတယောက် ဖြစ်စေချင်ရင် ဘာပေးမလဲ။ သူ့ကိုယ်စား ကိုယ်က ကောင်းတာတွေ လုပ်ပေးလို့ မရနိုင်၊ သူကိုယ်တိုင်ကသာ ကောင်းတာလုပ်ရမယ်။ ဘယ်လိုအရာက ကောင်းတယ် ဆိုတာကို သူက ခိုင်ခိုင်မာမာ သိဖို့လိုတယ်။ ဒီအတွက် သူ့ကို ဘာပေးမလဲ။ နည်းလမ်း ပြပေးလို့ရတယ်၊ အကြံဉာဏ်ကောင်း ပေးလို့ရတယ်၊ ဆုံးမစကား ပြောလို့ရတယ်။ ဒါက သူ့ကို အသိပညာတမျိုး ပေးတာပေါ့။ ချမ်းသာလိုသူကို ပိုက်ဆံပေးဖို့ လိုသလို လူကောင်းဖြစ်ချင်သူကိုလဲ ဆီလျော်တဲ့ အသိပညာ ပေးဖို့လိုတယ်။

ဒါကြောင့် 'ကောင်းခြင်း ဆိုတာက အသိပညာ' လို့ ဆော့ခရေ့တီး(စ်) က ဆိုတယ်။ ဒီလိုအသိမျိုး မရှိရင် ကိုယ့်ရဲ့လုပ်ရပ်က ကောင်းတယ် မကောင်းဘူး ဆုံးဖြတ်ရခက်မယ်။ 'ကျုပ်က ကောင်းတာ မှန်တာကိုဘဲ လုပ်သူပါ' လို့ တတွတ်တွတ်ပြောနေတိုင်း လူဟာ လူကောင်း ဖြစ်မလာဘူး။ ဘယ်လိုအရာကသာ ကောင်းတယ် ဆိုတာကို သိရမယ်၊ ဒါက ထင်သလောက် မလွယ်ဘူး။

*မေး။ မင်းပေးတဲ့ ဥပမာအရဆို သူများပစ္စည်းကို ပြန်မပေးရင် ကောင်းတယ်လို့ ဆိုချင်တာလား။*

ဖြေ။ မဟုတ်ဘူးချင်ဗျ။ အခုဆွေးနွေးချက်အရ ကျနော်တို့ ပြောနိုင်တာက နှစ်ချက်ရှိတယ်။ 'သူများပိုင်ပစ္စည်းကို မပေးဘဲ မယူသူ ဟာ လူကောင်းတစ်ယောက်' ဆိုတဲ့ အဆိုပြုချက်က မပြည့်စုံဘူး၊ ပြီးတော့ 'စိတ်မဖေါက်ပြန်သူများရဲ့ ပစ္စည်းကို မပေးဘဲ မယူသူဟာ လူကောင်းတစ်ယောက်' ဆိုတဲ့ အဆိုပြုချက်ကလဲ မပြည့်စုံဘူး၊ ဒါကို ကျနော်တို့ သိကြပြီ။ ဒါပေမဲ့ ကျနော်တို့ လက်ခံနိုင်တဲ့ အဆိုပြုချက်ကို မရသေးတဲ့အတွက် လူကောင်း ဆိုတာကို ကျနော်တို့ အဓိပ္ပာယ် မဖေါ်ပြတတ်သေးဘူး။ ဒါကြောင့် အဆိုပြုချက်တွေရဲ့ ဆန်ကျင်ဘက်ကသာ

မှန်တယ်လို့ ဆိုလို့မရဘူး။ အဖြူရောင်မဟုတ်ရင် အနက်ရောင်ဘဲလို့ ပြောလို့မရဘူးလေ။ အနီ၊ အဝါ၊ အစိမ်း၊ စသည်ဖြစ် စမ်းစစ်ကြည့်ရအုံးမယ် ခင်ဗျ။ ဆော့ခရေ့တီး(စ်)က လူကောင်းဖြစ်ဘို့ ဘယ်လိုနေထိုင်ရမလဲ ဆိုတဲ့ မေးခွန်းမျိုးကို တသက်လုံးနီးနီး အချိန်ပြည့် လေ့လာပြီး လေးလေးနက်နက် ဆွေးနွေးသွားခဲ့တယ်။ ကျနော်တို့လည်း စိတ်ရှည်ရှည် နဲ့ စဉ်းစားကြည့်သင့်တယ်။

*မေး။ သူ့အချိန်ပြည့်အလုပ်မျိုးက ပိုက်ဆံများများရမယ် မထင်ဘူး။ ကောင်းခြင်းဆိုတာကို သိလို့ ဝင်ငွေ ဘယ်လောက်ရမှာလဲ။*

ဖြေ။ ကျနော်သိသလောက်တော့ သူက အတွေးအခေါ်အလုပ်ကို အပျော်တမ်း သဘောနဲ့ လုပ်တာပါ။ အပျော်အပျက်သဘောနဲ့ လုပ်တာလို့ ပြောချင်တာ မဟုတ်ပါ၊ ပိုက်ဆံလိုချင်လို့ လုပ်တဲ့အလုပ်မဟုတ်ပါ လို့ပြောချင်တာပါ။ ဒါပေမဲ့ သူဟာ ချမ်းသူတော့ မဟုတ်ပါဘူး။ သူ့စားဝတ်နေရေးကို သူငယ်ချင်း နောက်လိုက်တွေက ဝိုင်းပြီးဖေးမကြလို့ အတော်အတန် ဖူလုံပါတယ်။ စည်းစိမ်ဥစ္စာ သိပ်မမက်မော်တာလဲ ပါပါလိမ့်မယ်။

*မေး။ ဒီလို အတွေးအခေါ်အလုပ်မျိုး လုပ်တယ်ဆိုတာ စကားနိုင် လုတာမျိုး မဟုတ်လား၊ တစ်ယောက်နဲ့ တစ်ယောက် ကပ်သီးကပ်သတ် ပြောကြတာ မျိုးပေါ့။ ခရုခါးတောင်းကျိုက် ဖမ်းသူကို ကယ်တယ်ရှင် သူရဲကောင်းကြီး ဖြစ်အောင် ပြောတာမျိုး မဟုတ်လား၊ ဒီအလုပ်မျိုးက အကျိုး သိပ်မရှိဘူး ထင်တယ်။*

ဖြေ။ ဆော့ခရေ့တီး(စ်) အတွက်ကတော့ စကားနိုင် လုတယ်ဆိုတာ အဓိပ္ပာယ် မရှိသလို သူကိုယ်တိုင်လဲ မလုပ်ပါဘူး၊ စကားနိုင် လုတယ်ဆိုတာ လူအထင်ကြီး ခံချင်လို့ လုပ်တာ၊ ပြိုင်ဖက်ကို ဟုတ်တာတွေရော မဟုတ်တာတွေရော ပြောပြီး နားထောင်သူ ကိုယ့်ဖက်ပါလာအောင် ပြောတာမျိုးလေ၊ ဒီမှာ ပြောတဲ့စကားတွေက မှန်တာ မမှန်တာက အဓိကမှ မဟုတ်ဘဲ။

ဆော့ခရေ့တီး(စ်)အတွက်က စကားကို အခြေတင်ပြောဆို ဆွေးနွေးရာမှာ ဘယ်သူနိုင်တယ် ဘယ်သူရှုံးတယ်ဆိုတာ မရှိပါဘူး၊ ဘယ်စကားကမှန်တယ်၊ မမှန်ဘူးဆိုတာကဘဲ အရေးကြီးပါတယ်။ ခင်ဗျားပြောတဲ့ စကားကို မှားတယ်လို့ ထောက်ပြလို့ ခင်ဗျားမှာ ရှက်စရာလဲမရှိဘူး၊ အရှုံးလဲမရှိဘူး။ တကယ်ဆို ကိုယ့်အမှား ကိုယ်သိခွင့်ရတဲ့အတွက် ခင်ဗျားမှာ အနိုင်ဘဲရှိတယ်။ သူက အဲသလို သဘောထားတာ။ ထင်မြင်ချက်တခုဟာ မှန်သလား မှားသလား ဆိုတာက ဘယ်သူက ဒီလို ထင်မြင်တာလဲ ဆိုတာထက် ပိုအရေးကြီးတယ်။ စကားနိုင်လုတယ်ဆိုတာက မီတာ ၁၀၀ တာတို အမြန် ပြေးတာမျိုးဆိုရင် ဒဿန ဆွေးနွေးမှု ဆိုတာက ၄၂၁၉၇ မီတာ ပြေးရတဲ့ မာရသွန် နဲ့တူတယ်၊ ရေတိုမှာ မြန်ဘို့ထက် ရေရှည်ကြံ့ကြံ့ခံနိုင်မှရမှာ။ ဒါကြောင့် ဒဿန နည်းနဲ့ တွေးခေါ်တယ်

ဆိုတာ 'ရှင်းရှင်းလင်းလင်း စဉ်းစားနိုင်ဘို့ အတော့်ကို ခေါင်းမာစွာနဲ့ ကြိုးစားတဲ့ အလုပ်' လို့ ဆရာကြီးတစ်ယောက်က ပြောဘူးတယ်။

*မေး။ ဒဿန နည်းနဲ့ တွေးခေါ်တယ်ဆိုတာကို ဘာလို့ လုပ်ကြတာလဲ။*

ဖြေ။ ဘဝဆိုတာ မီးရထားခရီးတခုလိုဘဲ တဖွတ်ဖွတ်နဲ့သွားရတယ် လို့ စာတွေ ကဗျာတွေ ရေးဖွဲ့ကြတာ ကြားဘူးမှာပေ့ါ။

*မေး။ ဘဝဆိုတာ မီးရထားခရီးတခုလိုဘဲလို့ ဆိုတာကိုတော့ ကြားဘူးပါတယ်၊ တဖွတ်ဖွတ် သွားရတယ် ဆိုတော့ ဒီခေတ်ကရထားတွေ သိပ်မကောင်းလို့ ဖြစ်မယ်ထင်တယ်။*

ဖြေ။ မီးရထားစီးခရီးလိုဘဲ ဘဝခရီးမှာလဲ လက်မှတ်စစ် နဲ့ ရှောင်တခင် တွေ့ရတတ်တယ်။ အဲဒီအခါမှာ မှန်ကန်တဲ့ လက်မှတ် လက်ထဲမရှိရင် လက်မှတ်စစ် က ရောက်ရာဘူတာမှာ ချထားခဲ့မှာ၊ ဒါဆို လိုရာခရီးကို အဝေးကြီး လမ်းလျှောက်သွားရမှာပေ့ါ။ ဒါကြောင့် ဘဝမှာလဲ ရထားပေါ်မတက်ခင် ကြိုတင်ပြီး လက်မှတ်ဖြတ်ဘို့ လိုတယ်။ ဒါဆိုလမ်းမှာ လက်မှတ်စစ်နဲ့တိုးလဲ စိတ်ပူစရာမလိုတော့ဘူး။ အခုလိုဆွေးနွေးနေတာက လတ်မှတ်ဖြတ်ဘို့ တန်းစီနေတာလို့မှတ်ပါ။

*မေး။ အစပိုင်းမှာ 'ကောင်းကင်ယံမှ မြေပြင်ပေါ်သို့' လို့ ဆိုခဲ့တယ်နော်၊ ဘာကိုပြောချင်တာလဲ။*

ဖြေ။ ရှေးခေတ်ဂရိတိုင်းပြည်မှာ လူတွေဟာ ကိုယ့်ရဲ့ အနာဂတ်ဘဝအကျိုးပေးကို သိဘို့ ကောင်းကင်ပေါ်က ကြယ်တွေ၊ နက္ခတ်တာရာတွေကို ကြည့်ပြီး အဓိပ္ပာယ်ဖေါ်ဘို့ ကြိုးစားကြတယ်။ အခုခေတ်မှာ ဗေဒင် မေးကြသလိုပေ့ါ။ ကြယ်တွေ၊ နက္ခတ်တာရာ တွေရဲ့ အဓိပ္ပာယ်ကို ဖေါ်တဲ့ အလုပ်ကို အဲဒီတုန်းက အတွေးအခေါ်ဆရာတွေက လုပ်လေ့ရှိပါတယ်။ ဥပမာ 'ဒီတခါ ရထား အချောင် ခိုးစီးရင် လမ်းမှာ အဖမ်းခံရနိုင်လား' သိချင်ရင် အဲဒီတုန်းက အတွေးအခေါ်ဆရာတွေကို မေးကြည့်လေ့ ရှိကြတယ်။ မေးခွန်းရဲ့အဖြေကို သူတို့ကိုယ်တိုင်လဲ မသိပါဘူး။ ဒါပေမဲ့ သူတို့က သူတို့နားလည်တဲ့ ကြယ်တွေ၊ နက္ခတ်တာရာတွေကို အဓိပ္ပာယ် ကောက်ကြည့် ကြတာပေ့ါ။ နတ်ဘုရားတွေက ဒီလူ့အပေါ် ဒေါသထွက်နေလား၊ သဘော ကျနေလား၊ စသည်ဖြင့် စုံးစမ်းကြည့်တာပေ့ါ။

လူဆိုတာ ကံကြမ္မာက ကြိုးဆွဲလို့ က ရတဲ့ ရုပ်သေးလေးတွေလို့ ရှေးဂရိသားများက သဘောထားကြပါတယ်။ လူတစ်ယောက်ရဲ့ ပျော်ရွှင်မှု၊ ဝမ်းနည်းမှု၊ စတာတွေဟာ နတ်ဘုရားတွေရဲ့ လက်ထဲမှာဘဲ ရှိတာပေ့ါ၊ ဒါကြောင့် လူတစ်ယောက်ဟာ ပျော်ရွှင်မှုတွေ လိုချင်ရင်၊ ဝမ်းနည်းစရာတွေနဲ့ ကင်းဝေးချင်ရင် နတ်ဒေဝါတွေ

မျက်နှာသာ ပေးလာအောင် ကြိုးစားကြရတာပေါ့၊ နည်းမျိုးစုံနဲ့ ပူဇော်ပသရ၊ လဒ်ပေးရတာပေါ့။

အဲသလို အယူအဆမျိုးတွေ လွှမ်းမိုးတာကို ဆော့ခရေ့တီး(စ်) အပါအဝင် ဂရိဒဿန ဆရာအချို့က ဆန့်ကျင်ကြတယ်၊ ပြီးတော့ လူ့သဘာဝကို ယုံကြည်လေးစားတဲ့ အယူအဆတွေကို ရှေ့တန်းတင်ဘို့ အားထုတ်ကြတယ်။ လူကောင်း လူမွန်ဖြစ်နိုင်ဘို့က အများသဘောတို့၊ ရိုးရာ အစဉ်အလာတို့ကိုသာ တဇွတ်ထိုး လိုက်နာနေလို့ မဖြစ်ဘူး၊ နက္ခတ်တာရာတွေကို နားလည်ဘို့ မလိုဘူး။ ကိုယ့်အရည်အချင်းနဲ့ကိုယ် စဉ်းစားဆင်ခြင်ပြီး၊ ဆွေးနွေးညှိနှိုင်းပြီး သင့်တော်သလို နေထိုင်တတ်ဘို့ လိုတယ်။ ဒါမှ ကိုယ့်လုပ်ရပ်ကို ကိုယ်တာဝန်ယူနိုင်မှာ။ ဒါကြောင့် ကံကြမ္မာကို နားလည်ဘို့ ကြိုးစားမဲ့အစား လူ့သဘာဝကို နားလည်ဘို့ ကြိုးစားရမယ် လို့ ဆိုကြတယ်၊ စဉ်းစားဆင်ခြင်ပြီး လူကောင်းလူမွန် ဖြစ်လာရင် ပျော်ရွှင်မှု၊ ဝမ်းနည်းမှု ဆိုတာက လူရဲ့ လက်ထဲမှာဘဲ ရှိတော့မယ်၊ ကိုယ့်ကံကြမ္မာ ကိုယ်အစိုးရမယ် လို့ ယုံကြည်ကြတယ်။

ဒါကြောင့် ဆော့ခရေ့တီး(စ်)ဟာ အတွေးအခေါ်ပညာကို ကောင်းကင်ထက်ကနေ မြေပြင်ဆီသို့ ခေါ်ချလာပြီး သာမန်လူတွေအကြား၊ နေအိမ်တွေအကြားကို လွှတ်ပေးလိုက်တယ်လို့ ပညာရှင်တစ်ယောက်က ရေးဘူးတယ်။ အတွေးအခေါ်ပညာ ဆိုတာ ဆရာကြီးတွေ တိတ်တိတ်ပုံး လုပ်တဲ့အလုပ်တခုကနေ သာမန်လူတွေ နေ့စဉ် နေထိုင်သွားလာ လှုပ်ရှားရင်း လုပ်နိုင်တဲ့ ကိစ္စတခုဖြစ်လာအောင် ဆော့ခရေ့တီး(စ်) အပါအဝင် အခြား ဂရိဒဿနဆရာတွေက အားထုတ်ပေးခဲ့တယ်။ အထူးသဖြင့် အနောက်တိုင်း အတွေးခေါ်သမိုင်းမှာ ဒါက အင်မတန် အရေးကြီးတဲ့ ပြောင်းလဲမှုဖြစ်တယ်။

*မေး။ စိတ်ဝင်စားစရာဘဲ။ ဒါနဲ့ ဘဝမီးရထားပေါ်က လက်မှတ်စစ်ဆိုတာက ဘာလဲ၊ ဘယ်သူလဲ။*

ဖြေ။ အဲဒါကို သိချင်တယ်ဆိုရင်၊ ပြီးတော့ လတ်မှတ်စစ် အဖမ်းမခံချင်ဘူးဆိုရင်၊ အခု ဆွေးနွေးချက်တွေကို ဆုံးတဲ့အထိ လေ့လာကြည့်။

## *ရှင်းလင်းချက်များ*

**လူအများ အပြန်အလှန် အခြေအတင် ဆွေးနွေးပြီး အဖြေရှာတဲ့ နည်း** ဆိုတာကတော့ dialectic method ကိုပြောချင်တာပါ။

**ကောင်းကင်ယံမှ မြေပြင်ပေါ်သို့...** ဒီစကားကို ရောမ အတွေးအခေါ်ဆရာ စိစဲရိုး (Cicero) က စသုံးတာပါ။ သူ့ရဲ့ Tusculanae Disputationes လို့ခေါ်တဲ့ ကျမ်းတွဲတွေထဲမှာ

အခုလို ရေးခဲ့ပါတယ် –

> Socrates was the first to call philosophy down from the heavens and to place it in cities, and even to introduce it into homes and compel it to enquire about life and standards and good and ill.
>
> ဆော့ခရေ့တီး(စ်)ဟာ ဒဿနပညာကို ကောင်းကင်ပေါ်က ပထဆုံး ခေါ်ချလာသူဖြစ်တယ်၊ ဒဿနပညာကို မြို့တွေထဲမှာ ထားပေးရုံသာ မကဘဲ အိမ်သူအိမ်သားများနဲ့ မိတ်ဆက်ပေးတယ်၊ ပြီးတော့ ဘဝအကြောင်း၊ တရားအကြောင်း၊ ကောင်းခြင်း ဆိုးခြင်း အကြောင်းတွေ ကိုပါ မေးမြန်းစေတယ်။

တကယ်တော့ ဒီစကားက ရက်ရောလွန်း ပါတယ်။ ဆော့ခရေ့တီး(စ်)ခေတ်ကြို နဲ့ ခေတ်ပြိုင် ဂရိ ဒဿန ဆရာတွေရဲ့ အရေးပါမှုကလဲ ဒီထက်တော့ မနည်းပါဘူး။ (Tusculanae Disputationes ဆိုတာက တပ်စကူလာနေ သုံးသတ်ချက်များလို့ ဆိုနိုင်ပါတယ်၊ အများဖတ်နိုင်ဘို့ ရည်ရွယ်ပြီး စိစဲရိုးက ရေးတဲ့ ဒဿန ကျမ်းတွဲတွေ ဖြစ်ပါတယ်၊ တပ်စကူလမ် ဒေသမှာရှိတဲ့ သူ့အိမ်မှာ ရေးတယ်လို့ ယူဆကြတာမို့ အဲသလို နာမည်တွင်တာပါ။ ဒီကျမ်းတွေကို Tusculanae Quaestiones တပ်စကူလာနေ မေးခွန်းများ လို့လဲ ခေါ်ကြပါတယ်။)

**ရှာတရှာမှာ မိတ်ဆွေ သုံးယောက် ရှိတယ်•••** ဒီဥပမာက ပလေးတိုးရဲ့ သမ္မတနိုင်ငံ ဆွေးနွေးခန်း ပါဝင်တဲ့ ဥပမာလေး တခုကို ချဲ့ရေးထားတာပါ။ သမ္မတနိုင်ငံ ဆွေးနွေးခန်းမှာပါတဲ့ နိုင်ငံရေး အယူအဆတွေအကြောင်း ကိုတော့ ရှောင်ထားပါတယ်။

**အမေရိကန် စိတ်ပညာရှင်တစ်ယောက်က စမ်းသပ်ချက်တခု•••** အဲဒီအမေရိကန် ပညာရှင်က ဒေးဗစ်(ဒ်) ရိုဆန်ဟန် (David Rosenhan) ပါ၊ ဒီစမ်းသပ်ချက်ကလဲ ရိုဆန်ဟန် စမ်းသပ်ချက်လို့ နာမည်ကျော်ပါတယ်။ ဒီအကြောင်းကို အသေးစိတ် ဖော်ပြတဲ့ စာတန်းက – David Rosenhan (1973), On Being Sane in Insane Places, *Science, vol. 179, 250—258*.

**ကောင်းခြင်းဆိုတာ အသိပညာ** ဒါကို virtue is knowledge လို့ ခေါ်ကြတယ်။ ဥပမာ W. K. C. Guthrie (1971) *Socrates*, Cambridge University Press ရဲ့ စာမျက်နှာ ၁၃၀ ကိုကြည့်ပါ။

**ဆော့ခရေ့တီး(စ်) နဲ့ ဆိုကရေးတီး•••** Socrates ကို 'ဆိုကရေးတီး' လို့ မြန်မာစာရေးသူ အချို့က ရေးကြတယ်။ အဲသလိုရေးတော့ သုခမပညာရှင် လိုလို အဓိပ္ပာယ်ထွက်နိုင်တာပေါ့။ အမှတ်မှားနိုင်တာမို့ ရှောင်ထားပါတယ်။ ပလေးတိုးနိဒါန်း စာအုပ်မှာ ဆရာကြီး ဇော်ဂျီ က 'ဆော့ခရတ္တိ' လို့ ရေးပါတယ်၊ သူက မြန်မာ အသံနဲ့ နီးအောင် ရေးတာမို့ ဥပမာ နောက်ဆုံးက 'စ' အသံကို ဖြုတ်လိုက်တာပါ။ ဒီဆောင်းပါးတွေ မှာတော့ မူရင်းနဲ့ ပိုနီးစပ်မယ်လို့ထင်ရတဲ့ 'ဆော့ခရေ့တီး(စ်)' ကို ရွေးခဲ့ပါတယ်။ 'ဂရိ'၊ 'အေသင်'၊ 'အိုလံပစ်' စတဲ့ နာမည်တွေက မြန်မာစကားမှာ အသုံးတွင်နေပြီမို့ ပြင်မရေး တော့ပါဘူး။

**ရှင်းရှင်းလင်းလင်း စဉ်းစားနိုင်ဘို့•••** ဒီစကားကို အမေရိကန်လူမျိုး စိတ်ပညာနဲ့ ဒဿန ဆရာ ဝီလီယမ် ဂျိမ်း(စ်) (William James) ကဆိုတာပါ။ ဥပမာ Anthony Gottlieb

(2000), *The Dream of Reason – A history of Phlosophy from the Greeks to the Renaissance*, Penguin စာမျက်နှာ ix ကို ကြည့်ပါ။

**နတ်ဘုရား** ရှေးဟောင်း ဂရိ အယူအဆတွေကို အင်္ဂလိပ်၊ မြန်မာ စတဲ့ ခေတ်ပေါ် ဘာသာစကားနဲ့ ပြန်ပြောရမှာ စကားလုံးပြဿနာ ရှိပါတယ်။ အချိန်တွေကြာလှပြီမို့ မူရင်း ဂရိစကားကို တိတိကျကျ နားလည်ရခက်သလို ခေတ်ပေါ်စကားနဲ့ ပြောရာမှာလဲ မထိမိတာတွေ ရှိပါတယ်။ ရှေးဂရိလူမျိုးတွေရဲ့ ကိုယ်းကွယ်ယုံကြည်မှု အကြောင်း ပြောတဲ့ အခါမှာ ပလေးတိုးက အင်္ဂလိပ်လို gods ဆိုတာမျိုးကို ရည်ညွှန်းပြီးပြောသလို God ကိုလဲ ရည်ညွှန်းတတ်ပါတယ်။ ပိုဆိုးတာကတော့ gods နဲ့ God ကို ပလေးတိုးက အပြန်အလှန် သုံးတတ်သေးတယ်။ မြန်မာလို ရေးရာမှာ god က 'နတ်ဘုရား' တို့ 'ဒေဝ' ဆိုတာနဲ့ နီးစပ်ပါတယ်။ God ကို 'ထာဝရ ဘုရားသခင်' ဆိုတာမျိုး ရေးသင့်ပေမဲ့ နားလည်မှု လွဲနိုင်တာမို့ ဘုရားရှင်လို့သုံးထားပါတယ်။ ဆရာကြီးဇော်ဂျီရေးတဲ့  အဂ္ဂဘုံရှင် ဆိုတာမျိုးလဲ သင့်တော်မယ် ထင်ပါတယ်။ အချို့နေရာမှာတော့ စကားသွက်အောင် 'ဘုရား' လို့ပဲ သုံးလိုက်ပါတယ်။ ဂရိတွေ နားလည်တဲ့ ဘုရား အကြောင်း ပြောတယ်ဆိုတာ ထင်ရှားပါလိမ့်မယ်။

**အနောက်တိုင်း အတွေးခေါ်သမိုင်းမှာ…** အနောက်တိုင်း အတွေးအခေါ်သမိုင်းမှာ ဆော့ခရေ့တီး(စ်)ရဲ့ ဩဇာလွှမ်းမိုးမှုကို စိတ်ဝင်စားသူများ ရိပ်မိကြမယ်ထင်ပါတယ်။ ဥပမာ Gottlieb (2000) ကိုကြည့်ပါ။